**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

**နေ့စဉ်ဈေးကွက်သတင်းလွှာ**

**October 23, 2025** **Volume 95, Number 14**


**၂၃. ၁၀.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၆.၂၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၆.၄၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၃.၉၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၆.၈၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၈၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၉၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၆၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၀၅ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့အကြား တန်ဖိုးမြှင့်ထောပတ်သီးထုတ်လုပ်မှု ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး



မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့အကြား တန်ဖိုးမြှင့်ထောပတ်သီးထုတ်လုပ်မှု ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊အောက်တိုဘာလ ၂၂ ရက်နေ့တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာထိန်လင်းနှင့်တာဝန်ရှိသူများ၊ ကုန်သွယ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ၊ နယူးဒေလီနှင့်ကိုလ်ကတ္တားမြို့တို့မှ မြန်မာစီးပွားရေးသံမှူးများ၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ၊ International Federation of Business Intellectuals and Changemakers (IFBIC) မှ တာဝန်ရှိသူများ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ တက်ရောက်လာသူများက ဆွေးနွေးကြရာတွင် မြန်မာနိုင်ငံမှ ယခုနှစ်ထောပတ်သီးရာသီတွင် အေးခဲထောပတ်သီး တန် ၂၀၀ ခန့်အား အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အိန္ဒိယနိုင်ငံဘက်သို့ နမူနာပေးပို့ရန်၊ မြန်မာ့ထောပတ်သီး အိန္ဒိယနိုင်ငံသို့တင်ပို့ရာတွင် အိန္ဒိယနိုင်ငံ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အိန္ဒိယနိုင်ငံဘက်မှပံ့ပိုးပေးရန်၊ မြန်မာနိုင်ငံတွင် ထောပတ်သီးစက်ရုံ

အသစ်တည်ဆောက်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၄:၁၅ နာရီ တွင် ရုပ်သိမ်းခဲ့သည်။

**Source :** https://myantrade.gov.mm/

## ရော်ဘာတစ်ဧက ပေါင် ၁၀၀၀ ကျော်ထွက်ရှိရေး စီမံချက်ရေးဆွဲ




စက်မှုကုန်ကြမ်းသီးနှံဖြစ်တဲ့ ရော်ဘာကို ပန်းတိုင်အထွက်နှုန်း တစ်ဧကကို ပေါင် ၁၀၀၀ အထက်ထွက်ရှိဖို့ စီမံချက် ရေးဆွဲဆောင်ရွက်နေတယ်လို့ စိုက်ပျိုးရေး ဦးစီးဌာန(ရုံးချုပ်) နှစ်ရှည်သီးနှံဌာနခွဲက သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်က အစေးလှီးနိုင်တဲ့ ရော်ဘာခြံတွေကနေ တစ်ဧကကို ပျမ်းမျှ ပေါင် ၇၂၇ ဒသမ ၄၈ ပေါင် ထွက်ရှိခဲ့ပါတယ်။

ရော်ဘာပန်းတိုင်အထွက်နှုန်းတိုးတက်ဖို့ လုပ်ငန်းရှင်နဲ့ တောင်သူတွေဘက်ကဆောင်ရွက်ရမဲ့ နည်းလမ်းတွေကိုသုတေသနပြု ရေးဆွဲထားပြီး ကမ္ဘာ့ရော်ဘာ ဈေးကွက်ဝေစုရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်တယ်လို့ နှစ်ရှည်သီးနှံဌာနခွဲက တာဝန်ရှိသူတစ်ယောက်က ပြောထားပါတယ်။

မြန်မာ့ရော်ဘာ တိုးမြှင့်ထုတ်လုပ်တင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဘီလီယံလောက် ရရှိဖို့နဲ့ ပန်းတိုင်အထွက်နှုန်း ပေါင် ၁၀၀၀ နဲ့အထက် ထွက်ရှိနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

ရော်ဘာအထွက်နှုန်း တိုးအောင်ဆောင်ရွက်ရာမှာ သက်တမ်းလွန် ပင်အိုရေိယာတွေက ပင်အိုတွေကို ခုတ်လှဲပြီး မျိုးကောင်းမျိုးသန့်တွေ ပြန်လည်အစားထိုး ရွေးချယ်စိုက်ပျိုးမယ်ဆိုရင်လည်း အထွက်နှုန်း ပိုမိုတိုးမြင့်လာနိုင်မှာ ဖြစ်ပါတယ်။

ရော်ဘာသီးနှံမျိုးကို စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲအောက်မှာရှိတဲ့ မျိုးထုတ်လုပ်တဲ့ ခြံတွေမှာ ရရှိနိုင်တဲ့အပြင် လိုင်စင်ရ ပုဂ္ဂလိကမျိုးထုတ်လုပ်သူတွေဆီကနေလည်း ဝယ်ယူနိုင်မှာဖြစ်ပါတယ်။၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို ပိုမိုရင်းနှီးမြှုပ်နှံလာကြတာကြောင့် စိုက်ဧကတွေ တိုးလာတယ်လို့ နှစ်ရှည်သီးနှံဌာနခွဲက သိရပါတယ်။

အခု ၂၀၂၅ ခုနှစ်အတွင်း ရော်ဘာသီးနှံ စိုက်ဧက ၁ သန်းခွဲကျော်ရှိပြီး တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်၊ ကရင်နဲ့ ရှမ်းပြည်နယ်တို့မှာ အဓိက စိုက်ပျိုးနေပါတယ်။ ရော်ဘာကို ပြည်ပတင်ပို့ရာမှာတော့ တရုတ်ကို ၇၅ ရာခိုင်နှုန်း တင်ပို့နေပြီး မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အိန္ဒိယနဲ့ ဂျပန်နိုင်ငံတို့ကိုလည်း တင်ပို့နေတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ညောင်တုန်းမြို့နယ်၌ ဒေသထွက် တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ညောင်တုန်းမြို့နယ် ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ လက်ရှိအချိန်အထိ ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ပြုလုပ်လျက်ရှိကာ လက်ရှိတွင် တစ်ရက်လျှင် တိုင်ထောင်ပဲသီးပိဿာ ၂၅၀၀ မှ ၃၅၀၀ အထိ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ဒေသထွက်တိုင်ထောင်ပဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတာဖြစ်ပါတယ်။ အရည်အသွေးလည်း ကောင်းမွန်ပါတယ်။ ဒေသထွက်ကုန်အများအပြား စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလည်း သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ဟင်းသီးဟင်းရွက်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။အခုလိုတိုင်ထောင်ပဲသီးတွေ ဝယ်လိုအားကောင်း လာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေအလုပ်အကိုင်အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်"ဟု ၎င်းက ပြောသည်။

ညောင်တုန်းမြို့နယ်၌ လက်ရှိ တိုင်ထောင်ပဲသီးများအပါအဝင် ဒေသထွက်ရာသီပေါ်ဟင်းသီးဟင်းရွက်များ ထွက်ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်လာသည့်အတွက် တိုးချဲ့ စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှု သက်သာခြင်း၊ သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များကိုသာ အရောင်းအဝယ် ပြုလုပ်ရခြင်းတို့ကြောင့် တောင်သူများအတွက် များစွာ အကျိုးကျေးဇူးရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/eco

## မုံရွာမြို့၏ ကြက်သွန်နီ ဈေးနှုန်း/ဈေးကွက်



အောက်တိုဘာလ တတိယအပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ ပွဲရုံများသို့စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်နီများနေ့စဉ်ပိဿာချိန် ၁၁,၀၀၀ခန့် ဝင်ရောက်လျက်ရှိသည်။

ပွဲရုံများတွင် ဝင်ရောက်လာသော ကြက်သွန်နီများကို ဒေသတွင်း ကြက်သွန်ကြော်လုပ်ငန်းများ၊ အကြော်ဖိုများ၊ ရန်ကုန်၊ မန္တလေးဝယ်လက်များနှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ မြို့နယ်များသို့ တင်ပို့နေကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း မုံရွာကြက်သွန်နီပွဲရုံများသို့ ဝင်ရောက်လာသော ကြက်သွန်နီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ လက်ကားဈေးနှုန်း (ကြီး) ၉၀၀ ကျပ် မှ ၉၅၀ကျပ် ထိ၊ (လတ်) ၇၅၀ကျပ်မှ ၈၅၀ကျပ်၊ (သေး) ၅၀၀ကျပ်နှင့် လက်လီဈေးနှုန်း (ကြီး) ၁၂၅၀ကျပ်မှ ၁၃၀၀ကျပ်ထိ၊ (လတ်) ၁၀၀၀ကျပ်မှ ၁၁၀၀ကျပ်၊ (သေး) ၅၀၀ကျပ်မှ ၈၀၀ကျပ်ထိ ပေါက်ဈေးရှိသည်။

ကြက်သွန်နီ အလုံးအရွယ်အစားနှင့် အစိုအခြောက်ပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုများရှိပသည်။ ကြက်သွန်ဖြူ တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ ဗမာဖြူ ၇၅၀၀ကျပ်မှ ၁၀,၀၀၀ကျပ်ထိ၊ ရှမ်းဖြူ ၇၀၀၀ကျပ်မှ ၇၅၀၀ ကျပ်ထိ၊ ကြူကုတ်ဖြူ ၁၄,၀၀၀ကျပ်မှ ၁၅,၀၀၀ ကျပ်ထိစသည်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း မုံရွာကြက်သွန်နီပွဲရုံများမှ သိရသည်။

**Source : စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## စက်သုံးဆီဆိုင်များ၌ စီစီတီဗီတပ်ဆင်မှု နှစ်ကုန်ပိုင်း ပြီးမည်




စက်သုံးဆီ သိုလှောင်စခန်းတွေ နဲ့ အရောင်းဆိုင်တွေမှာ Real Time Online Monitoring နဲ့ CCTV စနစ်တွေ တပ်ဆင်တာကို အခုနှစ် ဒီဇင်ဘာလအတွင်း အပြီးတပ်ဆင်သွားနိုင်ဖို့ ဆောင်ရွက်နေတယ်လို့ စွမ်းအင်ဝန်ကြီးဌာနက သိရပါတယ်။

စက်သုံးဆီ သိုလှောင်စခန်းတွေနဲ့ အရောင်းဆိုင်တွေကို ဒေသတွင်းနဲ့ အိမ်နီးချင်းနိုင်ငံတွေလို ခေတ်မီလုံခြုံစိတ်ချရတဲ့ သိုလှောင်စခန်းနဲ့ အရောင်းဆိုင်တွေ ဖြစ်စေရေး၊ ပြည်တွင်းစက်သုံးဆီလိုအပ်ချက်ကို ပြတ်လပ်မှုမရှိစေဘဲ ဖူလုံစွာဖြည့်ဆည်းပေးနိုင်ရေး သတ်မှတ်

အရည်အသွေးအခြင်အတွယ် ပြည့်မီမှန်ကန်စေရေးနဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ရောင်းဈေးတွေအတိုင်း ပြည်သူလူထုကို ဝန်ဆောင်မှုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေတာလို့ ဆိုပါတယ်။

အဲဒီလို အဆင့်မြှင့်တင်ဆောင်ရွက်တာဟာ ပြည်တွင်းမှာစွမ်းအင်လိုအပ်ချက်နဲ့စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေဖို့၊ ပြည်ပစက်သုံးဆီ တင်သွင်းမှုကစပြီး အသုံးပြုသူအထိ Supply Chain တစ်ခုလုံးကို စောင့်ကြည့် ထိန်းသိမ်းကြီးကြပ်နိုင်ဖို့၊ အချိန်နဲ့တစ်ပြေးညီလိုအပ်တဲ့ အစီအမံတွေကိုလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့၊ ပြည်တွင်းစက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းမှာ ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ လုပ်ငန်းရှင်၊ ကုမ္ပဏီအဖွဲ့အစည်းတွေ အားလုံးပါဝင်တဲ့ Supply Chain တစ်ခုလုံးကို Online စနစ်နဲ့ စောင့်ကြည့် ဖြည့်ဆည်းပေးတဲ့ စနစ်အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ဖို့ ရည်ရွယ်တာ ဖြစ်တယ်လို့ သိရပါတယ်။

**Source :**https://onenewstvchannel.com/

## ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်လာမှုနှင့်အတူ ဘရာဇီးလ်သည် တရုတ်နိုင်ငံသို့ ပဲပုပ်နှင့်အမဲသားတင်ပို့မှုကို မြှင့်တင်ခဲ့

ဘရာဇီးလ်နိုင်ငံသည် တရုတ်နိုင်ငံသို့ ပဲပုပ်နှင့် အမဲသားတင်ပို့မှုကို မြှင့်တင်လျက်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေးစိန်ခေါ်မှုများနှင့် အကောက်ခွန်ဖိအားများကြားတွင် တရုတ်နှင့် လက်တင်အမေရိကနိုင်ငံများအကြား ကုန်သွယ်မှုခိုင်မာလာခြင်းကို မီးမောင်းထိုးပြသည့်လုပ်ရပ်တစ်ခုဟု တရုတ်ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်ဟု သိရသည်။

ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဘရာဇီးလ်နိုင်ငံသည် ပဲပုပ်တန်ချိန် ၁၀၂သန်းခန့် တင်ပို့နိုင်ဖွယ်ရှိပြီး ၂၀၂၃ ခုနှစ်တွင် စံချိန်တင်ခဲ့သည့် တန်ချိန် ၁၀၁ သန်းထက် ကျော်လွန်တင်ပို့နိုင်ခဲ့ကြောင်း ဘရာဇီးလ်အမျိုးသားသီးနှံ တင်ပို့သူများအသင်း (Brazilian National Association of Grain Exporters -ANEC)မှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ANEC ၏ကိန်းဂဏန်းများအရ တရုတ်နိုင်ငံသည် ဘရာဇီး၏ ပဲပုပ်အများဆုံးတင်ပို့သည့် နေရာဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဘရာဇီးလ်မှ ပဲပုပ်တင်ပို့မှု၏ (၇၉) ရာခိုင်နှုန်းသည် တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။

ပဲပုပ်အပြင် အမဲသားကဲ့သို့သောအခြားထုတ်ကုန်များသည်လည်း တရုတ်ဈေးကွက်တွင် နေရာယူလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသို့ဘရာဇီးလ်၏ အမဲသားတင်ပို့မှုသည် စက်တင်ဘာလတွင်တစ်နှစ်ထက်တစ်နှစ် ၃၈ ဒသမ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တန်ချိန် ၁၈၇,၃၄၀ အထိရှိခဲ့ကြောင်း စက်မှုလုပ်ငန်းအုပ်စု Abrafrigo က ပြောကြားခဲ့သည်ဟု ရိုက်တာသတင်းတွင် ဖော်ပြထားကြောင်း သိရသည်။

ဘရာဇီးလ်ကဲ့သို့သော တောင်အမေရိကနိုင်ငံများမှ ပဲပုပ်နှင့်အသားများတင်ပို့မှုသည် အဓိကကုန်သွယ်ဖက်ဖြစ်သည့် တရုတ်ဈေးကွက်ကို အဓိကထားပြီး အမေရိကန်၏အခွန်ကောက်ခံမှုကြောင့် ကမ္ဘာ့တစ်ဝှမ်းအကြပ်အတည်းများကြားတွင် ကုန်သွယ်မှုအခင်းအကျင်းသစ်ကို မီးမောင်းထိုးပြလျက်ရှိကြောင်း ပေကျင်းရှိ China Institute of International Studies မှ ဖွံ့ဖြိုးဆဲနိုင်ငံများအဖွဲ့ ဒါရိုက်တာ Wang Youming က Global Times သို့ ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လက်တင်အမေရိက၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်အဖြစ် ဆက်လက်ရပ်တည်လျက်ရှိပြီး ဘရာဇီးလ်၊ ချီလီနှင့်ပီရူးစသည့်နိုင်ငံများအတွက်အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ကြောင်းဆင်ဟွာသတင်းအေဂျင်စီကဖော်ပြခဲ့သည်ဟု သိရ သည်။

အမေရိကန်၏ စည်းကြပ်ခွန်မြင့်မားမှုဖိအားအောက်တွင် ကုန်သွယ်ရေးအခက်အခဲများကို လျှော့ချရန် တောင်အမေရိက ကုမ္ပဏီများသည် တရုတ်နိုင်ငံသို့ ပို့ကုန်များတိုးမြှင့်တင်ပို့လျက်ရှိပြီး တရုတ်၏ ကြီးမားသောစားသုံးသူဈေးကွက်သည် အဆိုပါထုတ်ကုန်များအတွက် အခွင့်အလမ်းကောင်းများကို ပေးအပ်လျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံတည်းကို မှီခိုအားထားမှုလွန်ကဲခြင်းကြောင့် ဖြစ်ပေါ်လာသော ကုန်သွယ်မှုအန္တရာယ်များကိုလျှော့ချရန် တရုတ်ကုမ္ပဏီများသည်တင်သွင်းသည့်နိုင်ငံများ မတူ ကွဲပြား

စေရန် လုပ်ဆောင်လျက်ရှိကြောင်း ကျွမ်းကျင်သူက ပြောကြားခဲ့သည်ဟု သိရသည်။

တရုတ်နိုင်ငံသည် ဘရာဇီးလ်၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ၁၆ နှစ်ဆက်တိုက်ရပ်တည်လျက်ရှိပြီး တရုတ်-ဘရာဇီး ဆက်ဆံရေး၏အရေးပါမှုကို ပြသခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ဝက်ဘ်ဆိုဒ်တွင် စက်တင်ဘာလတွင် ထုတ်ပြန်သည့် ဆောင်းပါးတစ်ခုအရ သိရသည်။

Global Times နှင့်ယခင်အင်တာဗျူးတစ်ခုတွင် ဘရာဇီးပဲပုပ်စိုက်ပျိုးသူများအသင်း (Aprosoja Brasil)၏ဥက္ကဋ္ဌ Maurício Buffon က တရုတ်နိုင်ငံသည် ဘရာဇီးလ်၏ ပဲပုပ်တင်ပို့မှုအတွက် ထိပ်တန်းနေရာတစ်ခုဖြစ်ခဲ့ပြီး ဘရာဇီးလ်နိုင်ငံ၏ ပဲပုပ်တင်ပို့မှု စုစုပေါင်း၏ ၇၀ မှ ၈၀ ရာခိုင်နှုန်းရှိကြောင်းနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုအတွက် အလားအလာများစွာကျန်ရှိနေသေးကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

ဘရာဇီးလ်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုမိတ်ဖက်ဆက်ဆံရေးသည် ဘရာဇီးလ်နိုင်ငံအတွက် အလွန်အရေးကြီးကြောင်းနှင့် ၎င်းတို့၏ထုတ်ကုန်များသည် ကြီးမားသော တရုတ်ဈေးကွက်ကို ရရှိရန်အတွက် အကောင်းဆုံး cost-benefit ratio ကို ပေးထားကြောင်း Buffon က ပြောကြားခဲ့သည်ဟု သိရသည်။

ပဲပုပ်နှင့် အမဲသားအပြင် ပြောင်းကဲ့သို့သော အခြားလယ်ယာထွက်ကုန်များသည် ဘရာဇီးလ်မှ တရုတ်နိုင်ငံသို့ အဓိကတင်ပို့သည့်ပစ္စည်းများလည်းဖြစ်ကြောင်း Wang က ပြောကြားခဲ့ပြီး အပြန်အလှန်အကျိုးရှိစေရန် တရုတ်-ဘရာဇီးလ်ကုန်သွယ်ရေးကို ပိုမိုတိုးချဲ့နိုင်သည့် အခွင့်အလမ်းများစွာရှိနေကြောင်းလည်း ဖော်ပြခဲ့ကြောင်း သိရသည်။

**Source: https://en.people.cn/n3/2025/1010/c90000-20374894.html**

**(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

**https://myantrade.gov.mm/**

## ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ဆောင်းဦးရာသီပွဲတော်(Autumn Fair 2025) ကို အောက်တိုဘာ ၂၅ တွင် ဖွင့်လှစ်သွားမည်

ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးကုန်စည်ပြပွဲဖြစ်သည့် ဆောင်းဦးရာသီပွဲတော် (Autumn Fair 2025)ကို ဟနွိုင်းမြို့ရှိ ဗီယက်နမ်ကုန်စည်ပြပွဲဗဟိုဌာန၌ အောက်တိုဘာ ၂၅ ရက်နေ့တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြပွဲဖြစ်မြောက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ Mr. Nguyen Sinh Nhat Tan က အောက်တိုဘာ ၁၄ ရက်နေ့တွင် ပြုလုပ်သည့် သတင်းရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါပြပွဲသည် ပြခန်းပေါင်း ၃၀၀၀ ကျော်ပါဝင်ပြီး စတုရန်းမီတာ ၁၃၀,၀၀၀ ကျယ်ဝန်းကာ စက်မှု၊ စိုက်ပျိုးရေး၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုများ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ ဒီဂျစ်တယ်နည်းပညာများအပါအဝင် နယ်ပယ်အသီးသီးမှ ကုန်စည်ပစ္စည်းများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကုန်စည်ပြပွဲတွင် ပြည်နယ်နှင့် မြို့ကြီး ၃၄ ခု၊ ဝန်ကြီးဌာနအသီးသီးနှင့် ဗဟိုအေဂျင်စီများ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၊ သမဝါယမနှင့် ကော်ပိုရေးရှင်းကြီးထောင်ပေါင်းများစွာမှ ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။

ထုတ်ကုန်များကိုခင်းကျင်းပြသရန်နှင့်ပူးပေါင်းဆောင်ရွက်ရေးအခွင့်အလမ်းများရှာဖွေကြိုးပမ်းနေသည့်နိုင်ငံတကာ မိတ်ဖက်များနှင့် လုပ်ငန်းအများအပြားကိုလည်းပါဝင်ပြသနိုင်ရေး ဖိတ်ခေါ်သွားမည်ဖြစ်သည်။

ပြပွဲစီစဉ်သူများအနေဖြင့် ယခုပွဲသို့ နေ့စဉ်လာရောက်ကြည့်ရှုသူ ၅၀၀, ၀၀၀ ခန့်အထိရှိမည်ဟု မျှော်မှန်းထားသည်။

ကုန်စည်ပြပွဲသည် စားသုံးမှု၊ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကိုမြှင့်တင်ရန်နှင့် ယခုနှစ်အတွင်း ဗီယက်နမ်၏ စီးပွားရေး တိုးတက်မှု ၈ ရာခိုင်နှုန်းရရှိရေး ရည်မှန်းချက်ကို ပံ့ပိုးပေးရန် ရည်ရွယ်ထားကြောင်း ဒုတိယဝန်ကြီး ပြောကြားခဲ့သည်။

အဆိုပါပြပွဲသို့ စိတ်ပါဝင်စားသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေးအတွက် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**Source: VN Economy**

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (23.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Oct. 2025

Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 11,688 (Shares) | 38,213,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,400 | 1,174 | 9,892,200 | 33,109,694 | 281,432 |
| MTSH | 00002 | 3,400 | -50 | -1.45% | 3,400 | 3,400 | 3,400 | 4,478 | 15,225,200 | 38,929,150 | 132,359 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 2,300 | -200 | -8.00% | 2,400 | 2,400 | 2,300 | 3,859 | 8,911,600 | 29,664,613 | 68,229 |
| TMH | 00005 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,850 | 40 | 114,000 | 12,823,224 | 36,546 |
| EFR | 00006 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,800 | 2,009 | 3,646,250 | 19,977,223 | 36,958 |
| AMATA | 00007 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,500 | 11 | 38,500 | 10,497,598 | 36,742 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,250 | 117 | 386,000 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 23rd Oct. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.76 | -3.31 | -0.82% | 402.37 | 402.37 | 397.48 | 11,688 | 38,213,750 | 8 | 754,030 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd Oct. 2025

| Trading Volume | Trading Value |
|---|---|
| 12,688 (Shares) | 40,913,750 (MMK) |

### Main Board

As of 1:00 pm, 23rd Oct. 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,688 (Shares) | 38,213,750 (MMK) |

| MYANPIX | 399.76<br>▼ 3.31 |
|---|---|
| Total Volume (shares) | 11,688 |
| Total Value (MMK) | 38 mil |
| Listed Company | 8 |
| Market Cap. (MMK) | 754,030 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,400 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 2,300 | ▼ 200 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 1,850 | ▲ 50 |
| AMATA | 00007 | 3,500 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 0 |

TIR